မှန်လွဲကုန်းကျေးရွာ
ဂျိုးတောင်ကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မှန်လွဲကုန်းကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

12/16/2020

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၆-၇
မှန်လွှဲကုန်းကျေးရွာ **အရင်းအမြစ်ပြမြေပုံ**၊ဝန်းသိုမြို့နယ်	၈
မှန်လွှဲကုန်းကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်**၊ ဝန်းသိုမြို့နယ်	၉

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	၁၀
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်	၁၀-၁၁
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	၁၁-၁၂
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ	
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား	၁၂
(ခ) သဘာဝအရင်းအမြစ်များ	၁၂
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	
(က) လူဦးရေဆိုင်ရာ အချက်အလက်များ	၁၃
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၃-၁၅
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၅
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ	၁၅-၁၆
(င) ကျန်းမာရေးနှင့် အာဟာရ	၁၆
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု	၁၆-၁၇
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ	
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	၁၇
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	၁၇-၂၀

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၂၈-၂၁
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၂၁
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၂၁
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၂၂
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၂၂
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၂၂-၂၃
(ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၂၄
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၂၄
(ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၅
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၅
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၅
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၆
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား ၂၇
အစီအစဉ် ကျသော ချိတ်ဆက်မှုများ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၈
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၉
(ဂ) ဦးစားပေး စီမံချက်များ ၃၀-၃၁
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၂
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၂
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၃
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၃

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၄
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၄
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၅
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၆
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၇
နောက်ဆက်တွဲ
ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၈
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၉
ရည်ညွှန်းချက်များ ၄၀
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ**
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းရေိယာ**
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ **မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**
ဇယား ၁၉ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၀ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၂ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ **ပြဿနာနှင့် အခက်အခဲ**များ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား **၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ**
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ **အဖြစ်များသော** ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၄၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို


ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မှန်လွဲကုန်းကျေးရွာ
ဂျိုးတောင်ကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

မှန်လွဲကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- မှန်လွဲကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ - မှန်လွဲကုန်းကျေးရွာ၊ ဂျိုးတောင်ကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာ သူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ရက်)



ကျေးရွာ မှန်ကွဲကျွန်း

ရာသီဖွင့်ပြပြကွင်းနို့

လ/ အလုပ်အကိုင်	တန်ဂူး	ကဆုန်	နယုန်	ဝါဆို	ဝါဒေါင်	ဖောဿလဝင်း	သီတင်းကျွတ်	ဟနီ ဆောင်မုန်း	နတ်ဆောက်	ကြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹	☹☹ ☹☹	😐😐 😐	😐😐 😐	😐😐 😐	😐😐 😐	😐😐 😐	☹☹ ☹	😐😐 😐	☺☺☺ ☺☺	☺☺☺ ☺☺	☺☺ ☺	☹☹ ☹☹☹
မြင်ခဲ့	–	–	–	–	–	–	–	–	✗✗✗	✗✗✗	✗✗✗	
ရာသီဥတု	☀	☀	☀	🌧	🌧	🌧	🌧	🔥	🔥	🔥	🔥	☀
	–	–	–	စပါးစိုက်သည်		–	–	–	စပါးကိုတင်မိုးသည်		–	–
	–	–	–	–	–	–	–	–			–	–
	– ရေဖျောင်းသည်		– ရေဖျောင်းသည်		– ရေဖျောင်းသည်		–	– ရေဖျောင်းသည်		– ရေဖျောင်းသည်		–
	–	–	–	–	ငါး တည်ကြွေ့	–	–	–	–	–	–	–
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	–	–	–	–	စပါး: ဆေးပို့: ဖြန်းပို့:		–	–	–	–	–	–
	–	–	–	–	–	–	–	–	–	–	–	–
သဘာဝ ဘေးအန္တရာယ်	–	–	–	–	–	–	–	–	–	–	–	–

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင် ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ မှန်လွဲကုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်၊ ဝန်းသိုမြို့နယ်၏ အရှေ့ဘက်တွင်တည်ရှိပါသည်။ ဝန်းသိုမြို့နှင့်(၁၀)မိုင်ကွာဝေးပါသည်။မန္တလေး-မြစ်ကြီးနား ရထားလမ်း ကင်းဘူတာနှင့် ဂျီးတောင်ဘူတာကြားတွင် တည်ရှိပါသည်။လူဦးရေ(၂၀၅)ဦး နေထိုင်ပြီး အိမ်ထောင်စု ၅၀ နေထိုင်ပါသည်။ ကိုးကွယ်မှုမှာ ဗုဒ္ဓဘာသာဖြစ်ပြီး ဗမာလူမျိုးအများဆုံးနေထိုင်ကြပါသည်။ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သော ကျေးရွာဖြစ်ပါသည်။ အရှေ့ဘက်တွင် ကျူတောရွာ၊အနောက်ဘက်တွင် ကြိမ်ချောင်းရွာ၊တောင်ဘက်တွင် မှန်ပင်ရွာနှင့် မြောက်ဘက်တွင် နောင်ကွင်းရွာတို့တည်ရှိပါသည်။ မှန်လွဲကျေးရွာ၏ မြေမျက်နှာပြင်အနေအထားမှာ ကုန်းမြင့်အနေအထားဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။မှန်လွဲကုန်းကျေးရွာကျေးရွာသည် စိုက်ပျိုးရေးအဓိကထားသောကျေးရွာဖြစ်ပါသည်။ကျေးရွာရှိ အိမ်ထောင်စု(၅၀)ရှိသည့်အနက် (၃၈)အိမ်မှာ စိုက်ပျိုးရေးကိုလုပ်ကိုင်သော အိမ်များဖြစ်ကြပါသည်။ စိုက်ပျိုးမြေကေ (၁၈၉.၃)ကေ ရှိပြီး ဥယာဉ်ခြံမြေ၊ ခေါတောမြေ၊ကိုင်းကျွန်းမြေများမရှိပါ။ကျေးရွာတွင် သတ္ထုနှင့်အခြားတွင်းထွက်သယံဇာတများ မရှိပါ။ကျောက်သဲ၊ကျောက်စရစ်နှင့်သဘာဝမျိုးစိတ်ပင်များ၊ဆေးဘက်ဝင်အပင်များ အနည်းငယ် ရှိသော်လည်း အသုံးပြုနိုင်ခြေနည်းပါးပါသည်။ သဘာဝတောရိုင်းတိရိစ္ဆာန် မျိုးစိတ်များ အနည်းငယ်တွေ့ရပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင်ဗမာလူမျိုးများ နေထိုင်ကြပါသည်။ အိမ်ထောင်စု(၅၀)အိမ်ရှိပြီးနို့စို့အရွယ် ကလေးများမရှိပါ။ဒုနှစ်မှ ၄နှစ်အထိ ၅ နှစ် အောက်ကလေးငယ် ကျား ၄ ဦး၊ မ ၇ ဦး စုစုပေါင်း ၁၁ ဦးရှိပါသည်။ မူလတန်း ကျောင်းသားအရွယ် ကျား(၁၁)၊မ(၁၃) ပေါင်း(၂၄) ယောက်၊ (၁၀)နှစ်မှ (၁၄)နှစ် အလယ်တန်းကျောင်းသားအရွယ် ကျား(၁၂)၊မ(၁၀)ပေါင်း (၂၂)ဦး၊၁၅နှစ်မှ (၆၄)နှစ် အလုပ်လုပ်နိုင်သည့်အရွယ်ကျား(၇၀)၊ မ(၇၁) ပေါင်း(၁၄၁)ယောက်နှင့် (၆၅)နှစ်အထက် ကျား(၄)၊မ(၃)ပေါင်း(၇)ယောက် တွေ့ရှိရပါသည်။ ကျေးရွာရှိ စုစုပေါင်း ကျား၊မဦးရေမှာ (၂၀၅)ဦး ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ ကျွန်တော်တို့ကျေးရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးကို အိမ်တောင်စု ၅၀ စုတွင် ၃၈ အိမ်မှကိုယ်ပိုင်လုပ်ကိုင်သူများဖြစ်ပါသည်။ မွေးမြူရေးကို တပိုင်တနိုင်လုပ်ကိုင် ကြပါသည်။ လမ်းခင်းကျောက်တူးဖော်ရေးလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ကိုင်သူ(၂)ဦး၊ ထုတ်ကုန် လုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ကိုင်သူ (၁)ဦး၊ဆောက်လုပ်ရေးလုပ်ငန်းတွင် ပန်းရန် အလုပ် လုပ်ကိုင်သူ(၂)ဦး၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ(၆)ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ကိုယ်ပိုင်(၂)ဦးနှင့်အငှားလုပ်ကိုင်သူ (၃)ဦး ၊ ပို့ဆောင်ရေးလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ (၂)ဦး၊အငှားလုပ်ကိုင်သူ (၁)ဦး၊ ပညာရေးတွင်လုပ်ကိုင်သူ(၆)ဦး၊ ရာသီအလိုက် အငှားလိုက်သူ အိမ်ထောင်စု(၂)အိမ်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်သော အဓိကဝင်ငွေရ လုပ်ငန်းများ အလွန်နည်းပါးပါသည်။အလုပ်အကိုင်ရှားပါးသောဒေသဖြစ်ပါသည်။ကျွန်တော်တို့ရွာတွင် ရာသီအလိုက်စပါးစိုက်ပျိုး၊ရိတ်သိမ်းချိန်များတွင်သာ အလုပ်အကိုင်ရှိပါသည်။ ကျန်အချိန် များတွင် အခြားကျပန်းအလုပ်အကိုင်များရှိရာဒေသများသို့သွားရောက်၍ နေ့စားကျပန်း အလုပ်များလုပ်ကိုင်ကြရပါသည်။လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အများဆုံး လုပ်ခငွေမှာ ကျား (၆၀၀၀)ကျပ်၊မ (၅၀၀၀)ကျပ်နှင့် အနည်းဆုံး ကျား(၅၀၀၀)ကျပ်၊မ

(၄၀၀၀)ကျပ် ရရှိကြပါသည်။သတ္ထုတူးဖော်ရေးလုပ်ငန်းအတွက် အများဆုံးလုပ်ခငွေမှာ ကျား (၇၀၀၀)ကျပ်၊မ (၄၀၀၀)ကျပ်နှင့် အနည်းဆုံး ကျား(၅၀၀၀)ကျပ်၊မ (၃၀၀၀)ကျပ် ရရှိကြပါသည်။ထုတ်ကုန်လုပ်ငန်းအတွက် အများဆုံး လုပ်ခငွေမှာ ကျား (၆၀၀၀)ကျပ်၊မ (၅၀၀၀)ကျပ်နှင့် အနည်းဆုံး ကျား(၅၀၀၀)ကျပ်၊မ (၃၀၀၀)ကျပ် ရရှိကြပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းအတွက် အများဆုံး ကျား (၈၀၀၀) ကျပ်နှင့် အနည်းဆုံး ကျား(၅၀၀၀)ကျပ် တို့ဖြစ်ကြပါသည်။ လက်လီ-လက်ကားအရောင်းအဝယ်လုပ်ငန်းအတွက် အများဆုံး လုပ်ခငွေမှာ မ (၄၀၀၀)ကျပ်နှင့် အနည်းဆုံး (၃၀၀၀)ကျပ် ရရှိကြပါသည်။ အပ်ချုပ်ခြင်းအတွက် အများဆုံး လုပ်ခငွေမှာ မ (၅၀၀၀)ကျပ်နှင့် အနည်းဆုံး မ (၃၀၀၀)ကျပ် ရရှိကြပါသည်။

ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊အဆောက်အအုံပိုင်ဆိုင်မှုတို့အပေါ်အခြေခံ၍ ဥစ္စာဓနအဆင့်အခြေအနေကိုသတ်မှတ်ထားပါသည်။အဆင်ပြေသောအိမ်ထောင်စု မရှိပါ။ အလယ်အလတ်ရှိသောအိမ်ထောင်စု(၁၅)အိမ်၊မပြေလည်သောအိမ်ထောင်စု (၂၆)အိမ်နှင့် အလွန်မပြေလည်သောအိမ်ထောင်စု (၉)အိမ် ရှိပါသည်။

မှန်လွဲကုန်းကျေးရွာတွင် အခြားသို့ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူအိမ်ထောင်စု (၈)အိမ်ရှိပြီး ပြည်တွင်းတွင်သွားရောက်လုပ်ကိုင်သူ ကျား(၇)ဦး၊မ(၆)ဦးရှိပြီး ၎င်းရွှေ့ပြောင်းသူများ ထဲတွင်(၃)လအထိရွှေ့ပြောင်းလုပ်ကိုင်သူ မ(၁)ဦး၊(၆)လအထိရွှေ့ပြောင်းလုပ်ကိုင်သူ ကျား(၃)ဦး၊မ(၂)ဦးပေါင်း(၆)ဦး၊ (၁၂)လအောက်ရွှေ့ပြောင်းလုပ်ကိုင်သူ ကျား(၄)ဦး၊မ(၃)ဦး တို့ရှိကြပါသည်။

မှန်လွဲကုန်းကျေးရွာရှိ ရွှေ့ပြောင်းလုပ်ကိုင်သူများသည် ရွှေ့ပြောင်းလုပ်ကိုင်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ မိသားစု၏ ပိုမိုကောင်းမွန်သော ဝင်ငွေအခွင့်အလန်းနှင့် အလုပ်အကိုင်အခွင့်အလန်းများ ရှာဖွေရန်ဖြစ်ပါသည်။

မှန်လွဲကုန်းကျေးရွာရှိ ရွှေ့ပြောင်းလုပ်ကိုင်ကြသူများထဲတွင် ပြန်ပို့ငွေကိုမှီခိုရသော အိမ်ထောင်စု(၈)အိမ်ရှိပြီး မြင့်(၃)၊လတ်(၅)ရှိပါသည်။၎င်းတို့မှာ အိမ်သို့ငွေလွှဲပို့ရာတွင်

ဘဏ်ဖြင့်ငွေလွှဲသူအိမ်ထောင်စု(၅)အိမ်၊ငွေလွှဲလုပ်ငန်း(ဟွန်ဒီ)ဖြင့် လွှဲပို့သူ (၁)ဦးနှင့် လူကြုံ ဖြင့်လွှဲပို့သူ (၂)ဦး ရှိပါသည်။

(ဂ) **ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု** ။ ။ ကျွန်တော်တို့ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်မှု၊ အဆောက်အအုံပိုင်ဆိုင်မှုတို့အပေါ်အခြေခံ၍ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင် ပြေသောအိမ်ထောင်စုမရှိပါ။ အလယ်အလတ်ရှိသောအိမ်ထောင်စု(၁၅)အိမ်၊ မပြေလည်သော အိမ်ထောင်စု (၂၆)အိမ်နှင့် အလွန်မပြေလည်သောအိမ်ထောင်စု (၉)အိမ်ရှိပါသည်။

ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေစစ်တမ်းကောက်ယူမှုအရ အစားအစာ လျှော့ စားရသောအိမ် ချေးငွေယူရသောအိမ်မရှိပါ။

ကျွန်တော်တို့ကျေးရွာတွင် မိဘစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုများ၊ မသန် မစွမ်းသူများ မရှိကြပါ။

ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ များလည်းရှိပြီး ကျပန်းလုပ်ကိုင်စားသောက်သူ ဦးရေအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ရေကြီးနှစ်မြုပ် ဧရိယာမရှိပါ။ကျေးရွာပိုင်သစ်တောများ ပြုန်းတီးခြင်းကြောင့် ရာသီဥတုအခြေ အနေများ ပြောင်းလဲလာပြီး မြေဆီလွှာပျက်စီးမှုများ အနည်းငယ်ရှိပါသည်။

ကျွန်တော်တို့ကျးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် မိသားစုတစ်စုမှ တစ်စုသို့ ကွဲထွက်သွားသောကြောင့်ဖြစ်ပါသည်။ထို့ကြောင့် ကျပန်းလုပ်ကိုင်စားသောက်သူ အနည်းငယ် ရှိခြင်းဖြစ်ပါသည်။အိမ်ထောင်စုအသစ်များဖြစ်သောကြောင့် မိသားစုစားဝတ်နေရေး အဆင်ပြေ စေရန် ရွှေတူးခြင်း၊ရွှေတွင်းလုပ်သားအဖြစ်ဝင်ရောက်လုပ်ကိုင်ခြင်းများ အနည်းငယ်ရှိပါသည်။ နေရပ်ပြန်အခြေချသူ အနည်းငယ်ရှိပါသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ။ ။ကျွန်တော်တို့ရွာရှိ ပညာရေးမှာ စာမတတ်သူဦးရေ မ (၁)ဦး ရှိပါသည်။ မူလတန်းအဆင့်ဦးရေ ကျား (၅၇)ဦး၊ မ (၆၅) ဦးရှိပါသည်။ အလယ်တန်းအဆင့်ရှိသောဦးရေ ကျား (၂၇)ဦး၊ မ (၁၇)ဦး၊ အထက်တန်းအဆင့်ရှိသောဦးရေ ကျား (၇)ဦး၊ မ (၈)ဦး၊ တက္ကသိုလ်ကောလိပ်အဆင့်ရှိသူ ကျား (၇)ဦး၊ မ (၈)ဦး ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် လက်ရှိမူလတန်းအဆင့်တက်ရောက်နေသူ ကျား (၁၂)ဦး၊မ (၁၃) ဦး၊ အလယ်တန်းအဆင့် ကျား(၈)ဦး မ (၉) ဦး၊ အထက်တန်းအဆင့် ကျား (၃)ဦး မ (၄) ဦး၊

တက္ကသိုလ် ကောလိပ်တက်ရောက်နေသူ ကျား(၄)ဦး မ (၃) ဦးရှိပါသည်။

(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ရာသီတုတ်ကွေးရောဂါများ၊သွေးလွန်တုတ်ကွေးရောဂါ၊ဆီးချိုသွေးတိုးရောဂါ၊ငှက်ဖျားရောဂါဖြစ်ပွားသူ အနည်းငယ်ရှိပါသည်။ အသက်ရှူလမ်းကြောင်ဆိုင်ရာရောဂါများ၊ အဟာရချို့တဲ့သောရောဂါများ ၊ဆီးချို၊တီဗီရောဂါ၊HIV/AIDS ရောဂါနှင့်အခြားကူးစက်နိုင်သောရောဂါဖြစ်ပွားသူများမရှိပါ။

ကျွန်တော်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။သို့သော် ဂျိုးတောင်တိုက်နယ်ဆေးရုံမှ တစ်လတစ်ခါ ကာကွယ်ဆေးထိုးပေးလေ့ ရှိပါသည်။

ကျွန်တော်တို့ကျေးရွာမှ တိုက်နယ်ဆေးရုံသို့သွားရောက်ရန်ကြာချိန် (၃၀)မိနစ်သာကြာမြင့်ပါသည်။ အကွာအဝေးမှာ (၁)မိုင်ဝေးကွာပါသည်။ ကျေးရွာရှိကိုယ်ဝန်ဆောင်မိခင်များ၊ကလေးငယ်များ ကာကွယ်ဆေးထိုးနှံခြင်း ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူကြပါသည်။ ရွာနှင့် (၅)မိုင်ခန့်အကွာတွင် ဝန်းသိုမြို့နယ် ဆေးရုံ ရှိပါသည်။ ကျေးရွာတွင် ဆေးဆိုင်မရှိပါ။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်သော အဓိကဝင်ငွေရေး လုပ်ငန်းများအလွန်နည်းပါးပါသည်။ အလုပ်အကိုင်ရှားပါးသောဒေသဖြစ်ပါသည်။ကျွန်တော်တို့ရွာတွင် ရာသီအလိုက်စပါးစိုက်ပျိုး၊ ရိတ်သိမ်းချိန်များတွင်သာ အလုပ်အကိုင်ရှိပါသည်။ ကျန်အချိန်များတွင် အခြားကျပန်းအလုပ်အကိုင်များရှိရာဒေသများသို့သွားရောက်၍ နေ့စားကျပန်း အလုပ်များလုပ်ကိုင်ကြရပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အများဆုံး လုပ်ခငွေမှာ ကျား (၆၀၀၀)ကျပ်၊မ (၅၀၀၀)ကျပ်နှင့်အနည်းဆုံး ကျား(၅၀၀၀)ကျပ်၊မ (၄၀၀၀)ကျပ် ရရှိကြပါသည်။ သတ္ထုတူးဖော်ရေးလုပ်ငန်းအတွက် အများဆုံးလုပ်ခငွေမှာ ကျား (၇၀၀၀)ကျပ်၊မ (၄၀၀၀) ကျပ်နှင့် အနည်းဆုံးကျား(၅၀၀၀)ကျပ်၊မ (၃၀၀၀)ကျပ် ရရှိကြပါသည်။ ထုတ်ကုန်လုပ်ငန်းအတွက် အများဆုံး လုပ်ခငွေမှာ ကျား (၆၀၀၀)ကျပ်၊မ (၅၀၀၀)ကျပ်နှင့် အနည်းဆုံးကျား(၅၀၀၀)ကျပ်၊မ (၃၀၀၀)ကျပ် ရရှိကြပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းအတွက် အများဆုံး ကျား (၈၀၀၀) ကျပ်နှင့် အနည်းဆုံး ကျား(၅၀၀၀)ကျပ် တို့ဖြစ်ကြပါသည်။ လက်လီ-လက်ကားအရောင်းအဝယ်လုပ်ငန်းအတွက် အများဆုံး လုပ်ခငွေမှာ မ (၄၀၀၀)

ကျပ်နှင့် အနည်းဆုံး (၃၀၀၀)ကျပ် ရရှိကြပါသည်။ အပ်ချုပ်ခြင်းအတွက် အများဆုံး လုပ်ခငွေမှာ မ (၅၀၀၀)ကျပ်နှင့် အနည်းဆုံး မ (၃၀၀၀)ကျပ် ရရှိကြပါသည်။

ကျေးရွာရှိ အမျိုးသမီးများသည် နေ့စဉ်အိမ်အလုပ်များနှင့်သာ အချိန်ကုန်နေကြပြီး မိမိတို့စားဝတ်နေရေးကိုသာ အာရုံစိုက်နေကြရသဖြင့် ပြင်ပသို့ထွက်ခွာ အလုပ်လုပ်နိုင်ကြရန် အခွင့်အရေးအလွန်နည်းပါးပါသည်။ကျေးရွာရှိ သာရေး၊နာရေးပွဲများတွင် အမျိုးသမီးများမှ ပါဝင်နိုင်ခြင်းမရှိပါ။အမျိုးသမီးရေးရာဦးအကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် အသိအမြင်များရှိကြပါသည်။

(၄) ကဏ္ဍအသီသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ။ ။ ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ကျွန်တော်တို့ကျေးရွာတွင် တခြားအဖွဲ့အစည်းများတွင်ပါဝင်ထားခြင်းမရှိပါ။ မီးလင်းရေးကော်မတီ၊ ကျောင်းကော်မတီ၊ သမာဝါယမကော်မတီ၊ဂေါပကအဖွဲ့၊လူပျိုအပျိုအဖွဲ့များတွင် တက်ညီလက်ညီဖြင့် ရွာ၏သာရေး၊နာရေး လုပ်ငန်းများတွင် တက်ကြွစွာလုပ်ကိုင် ဆောင်ရွက်လျှက်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာအားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသော တခြားအဖွဲ့အစည်းများမရှိပါ။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ မှန်လွဲကုန်းကျေးရွာကျေးရွာသည် စိုက်ပျိုးရေး အဓိကထား သောကျေးရွာဖြစ်ပါသည်။ကျေးရွာရှိ အိမ်ထောင်စု(၅၀)ရှိသည့်အနက် (၃၈)အိမ်မှာ စိုက်ပျိုးရေး ကိုလုပ်ကိုင်သော အိမ်များဖြစ်ကြပါသည်။ စိုက်ပျိုးမြေကေ (၁၈၉.၃)ဧကေ ရှိပြီး ဥယာဉ်ခြံမြေ၊ ဓနိတောမြေ၊ကိုင်းကျွန်းမြေများမရှိပါ။ကျေးရွာတွင် သတ္ထုနှင့်အခြားတွင်းထွက် သယံဇာတများ မရှိပါ။ကျောက်သဲ၊ကျောက်စရစ်နှင့်သဘာဝမျိုးစိတ်ပင်များ၊ ဆေးဘက်ဝင် အပင်များ အနည်းငယ် ရှိသော်လည်း အသုံးပြုနိုင်ခြေနည်းပါးပါသည်။ သဘာဝတောရိုင်းတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ်တွေ့ရပါသည်။

မှန်လွဲကုန်းကျေးရွာတွင် မြေယာမဲ့ (၁၃)အိမ်၂.၅ ဧက အောက် ဆင်းရဲသားတောင်သူ (၂)အိမ်၂.၅ဧကမှ ၅ ဧကကြားပိုင်ဆိုင်သူ တောင်သူငယ် (၁၁)အိမ်၊၅ဧကမှ ၁၂.၅ ဧကကြားပိုင်ဆိုင်သူ တောင်သူလတ် (၂၃)အိမ်၊၁၂ ဧကအထက် (၁)အိမ် စုစုပေါင်း ၅၀ အိမ် ရှိပါသည်။

ကျွန်တော်တို့ရွာသည် ဆည်မရှိပါ။လယ်မြေများသည် ရေလွှဲမြောင်း၊ရေသွင်းမြောင်းများမှ ရေကို ရာသီအလိုက် မိုးရေ၊ချောင်းရေများကိုသာသွယ်ယူပြီး စိုက်ပျိုးကြရပါသည်။ မိုးရာသီ မိုးများမှသာ ရေကိုလုံလောက်စွာရရှိကြပါသည်။ ရေသွင်းစိုက်ပျိုးနိုင်သော လယ်များ၊ မိုးရေခံလယ်များရှိပါသည်။မိုးရာသီမှသာရေရ၍ စပါးကိုတစ်ရာသီထဲသာစိုက်ပျိုးနိုင်ကြပါသည်။

ကျွန်တော်တို့ရွာ၏အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးဖြစ်ပါသည်။စပါးမှလွဲ၍ အခြားသီးနှံများကိုစိုက်ပျိုးရာတွင် ကျွမ်းကျင်မှုအားနည်းသောကြောင့် အရှုံးများတွေ့ကြရပါသည်။ စိုက်ပျိုးရေးအသိပညာမှာ မိရိုးဖလာအသိပညာသာရှိ၍ တီထွင်ကြံဆမှု အားနည်းပါသည်။စပါးစိုက်ပျိုးကေ စုစုပေါင်း (၁၈၉.၃ကေ) ရှိပါသည်။ စပါးတစ်ကေလျှင်အနည်းဆုံး တင်း (၄၀)မှ အများဆုံးတင်း (၉၀)အထိထွက်ပါသည်။ပျမ်းမျှအားဖြင့် တင်း(၅၀)လောက်ထွက်ပါသည်။(၃)လမှ (၅)လအထိ စိုက်ပျိုးကြရပါသည်။

ကျွန်တော်တို့ရွာသည် လယ်ယာလုပ်ကိုင်ရာတွင် ကျွဲ၊ နွားများဖြင့် အနည်းငယ်သာ လုပ်ကိုင်ကြပါသည်။ လက်တွန်းထွန်စက်များဖြင့် ကိုယ်ပိုင်သော်လည်းကောင်း အငှားသော်လည်းကောင်း လုပ်ကိုင်စားသောက်ကြပါသည်။လက်တွန်းထွန်စက်ကိုယ်ပိုင် ပိုင်ဆိုင်သူ (၁၀)ဦး၊ ငှားရမ်းလုပ်ကိုင်သူ(၂၈)ဦး၊ စပါးခွဲလှေ့စက် ကိုယ်ပိုင်ပိုင်ဆိုင်သူ (၁)ဦး၊ငှားရမ်းလုပ်ကိုင်သူ (၃၆)ဦးနှင့် ရေစုတ်စက်ကိုယ်ပိုင် ပိုင်ဆိုင်သူ(၆)ဦးရှိပါသည်။ ရွာထဲတွင် စက်ရှိသူများထံမှ အခကြေးငွေနှင့် ငှားရမ်းကြရပါသည်။စိုက်ရာတွင် တစ်ချို့ကိုယ်ပိုင်နွားများနှင့် ထွန်သော်လည်း တစ်ချို့တွင် အခြားရွာမှ ထွန်၊ထယ်စက်ကြီးများကို အချိန်ပိုင်းနှင့် ငှားရမ်းကြသည်။ ကျွန်တော်တို့ရွာတွင် စပါးရိတ်စက်၊ ရိတ်သိမ်းခွဲလှေ့စက်နှင့် တစ်ခြားခေတ်မီသည့် စက်ကိရိယာများကို ငွေကြေးအင်အား မတတ်နိုင်သဖြင့် ရွာသူရွာသားတိုင်း မဝယ်ယူနိုင်ပါ။ အရစ်ကျစနစ်ရှိသော်လည်း လူနည်းစုသာဝယ်နိုင်ကြပါသည်။

ကျွန်တော်တို့ရွာ၏ သဘာဝရေမြေအနေအထားမှာ အသင့်အတင့်ရှိပါသည်။လယ်ယာမြေအသုံးချနိုင်မှုနှင့် စိုက်ပျိုးရေးအရင်းအမြစ်မှာ အသင့်အတင့်သာရှိသည်။ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုလည်းအလွယ်တကူရနိုင်ပါသည်။သီးနှံမျိုးကောင်းမျိုးသန့်နှင့်သဘာဝမြေဆွေး၊အော်ဂဲန

စ်မြေဩဇာများရရှိနိုင်မှု နည်းပါးပါသည်။ ပိုးသတ်ဆေးများလည်း ဝယ်ယူနိုင်ပါသည်။ ကျွန်တော်တို့ရွာသည် လုပ်သားရရှိနိုင်မှု နည်းပါးပါသည်။

ကျွန်တော်တို့ရွာတွင် နှစ်စဉ်နှစ်တိုင်း မိုးဦးနောက်ကျခြင်း၊ မိုးလယ်ခေါင်ခြင်း၊ မိုးနှောင်းတွင် စပါးရိတ်သိမ်းချိန် မိုးများခြင်းတို့ ခံစားရပါသည်။ မိုးခေါင်လျှင်ရွာ၏ လယ်ယာမြေများသည် လုံးဝစိုက်ပျိုး၍ မရနိုင်ပါ။ မိုးရွာသည့်အချိန်ကို အပြေးအလွှားသွား၍ ထွန်ယက်ရပါသည်။ ကုန်းမြင့်သော အချို့နေရာများတွင် မိုးရေများ လယ်ပြင်ထဲ၌ မိုးရေကြာကြာမရှိခြင်းကြောင့် စိုက်ပျိုးရေးအခက်အခဲရှိကြပါသည်။ အစိုးရ စိုက်ပျိုးရေးဘဏ်များမှ ချေးငွေများရနိုင်သော်လည်း တောင်သူများလိုအပ်သည့်စိုက်ချိန်တွင် အချိန်မှီချေးငွေမရပါ။ သီးနှံမျိုးစေ့များ ရနိုင်သော်လည်း လိုအပ်သည့်အချိန်များတွင် အချိန်မှီမရနိုင်ခြင်း၊ ငွေအရင်းအနှီးမရှိခြင်းတို့ကြောင့် အခက်အခဲများကြုံနေရပါသည်။ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒနှင့် စိုက်ပျိုးရေးနည်းပညာများကို ကျွန်တော်တို့ ရွာမှ တောင်သူများအရမ်းကို လိုအပ်နေပါသည်။တောင်သူများမှာ လက်ရှိအချိန်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံအထွက်တိုးဖို့ အခက်အခဲများ ရင်ဆိုင်နေရခြင်း၊ ဓါတ်မြေဩဇာနှင့် ဓါတုပိုးသတ်ဆေးများသုံးရန်နည်းလမ်းမရှိခြင်း၊ တောင်သူများမှ ရမ်းကုပမာအသုံးပြု လုပ်ကိုင်နေရပါသည်။ ဖျက်ပိုးများကြောင့် အထွက်နှုန်းလျော့ကျခြင်းများ ရင်ဆိုင်နေရပါသည်။

ကျွန်တော်တို့ရွာ၏ မွေးမြူရေးလုပ်ငန်းသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးဖြစ်ပါသည်။ အဓိကမွေးသည့် တိရိစ္ဆာန်များမှာ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ဘဲ တို့ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပျံ့ပျံ့လုပ်ကိုင်ခြင်းသော်လည်း အရင်းအနှီးမရှိခြင်း၊ နည်းပညာအားနည်းခြင်းတို့ကြောင့် မလုပ်ကိုင်နိုင်ကြပါ။မှန်လွဲကုန်းကျေးရွာတွင် နွားမွေးမြူသောအိမ်(၂၄)အိမ်နှင့် (၇၂) ကောင်ရှိပါသည်။ကျွဲမွေးသောအိမ် (၂)အိမ် ရှိပြီး ကျွဲကောင်ရေ (၅)ကောင် ရှိပါသည်။

ကျွန်တော်တို့ရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် စားကျက်မြေများ အလုံအလောက်ရှိပါသည်။ သဘာဝတောတောင်များရှိခြင်း၊မြေလွတ်မြေလပ်၊ မြေရိုင်များရှိခြင်းတို့ကြောင့်မွေးမြူရေးကိုတွင်တွင်ကျယ်ကျယ် လုပ်ကိုင်ပါကလုပ်ကိုင်နိုင်ပါသည်။သို့သော် အရင်းအနှီးနှင့် နည်းပညာအားနည်းလှပါသည်။ ထုတ်ကုန်များကို ရောင်းချနိုင်ပါသည်။ ငါးလုပ်ငန်းတွင် သွင်းအားစုများ ဝယ်ယူနိုင်ပါသည်။နည်းပညာများ ရရှိနိုင်ပါသည်။

ကျွန်တော်တို့ကျေးရွာရှိ ရွာသူရွာသားများသည် ကျွဲ၊နွားများကိုလယ်ယာ လုပ်ငန်းများ တွင်သာခိုင်းစေရန် မွေးမြူကြပါသည်။၎င်းတို့အတွက် စားကျက်မြေများလည်း ရှိသော်လည်း နည်းပါးပါသည်။ ကြက်၊ဝက်၊ဘဲများကို တစ်နိုင်တစ်ပိုင်သာမွေးမြူကြပါသည်။ ယင်းတို့အတွက် ချေးငွေများကို အလွယ်တကူမရရှိနိုင်ပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ။ ။ကျွန်တော် တို့ကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်သော အဓိကဝင်ငွေရ လုပ်ငန်းများ အလွန်နည်း ပါးပါသည်။ အလုပ်အကိုင်ရှားပါးသောဒေသဖြစ်ပါသည်။ကျွန်တော်တို့ရွာတွင် ရာသီ အလိုက်စပါးစိုက်ပျိုး၊ ရိတ်သိမ်းချိန်များတွင်သာ အလုပ်အကိုင်ရှိပါသည်။ ကျန်အချိန် များတွင် အခြားကျပန်းအလုပ် အကိုင်များရှိရာဒေသများသို့သွားရောက်၍ နေ့စားကျပန်း အလုပ်များလုပ်ကိုင်ကြရပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အများဆုံး လုပ်ခငွေမှာ ကျား (၆၀၀၀)ကျပ်၊မ (၅၀၀၀)ကျပ်နှင့်အနည်းဆုံး ကျား(၅၀၀၀)ကျပ်၊မ (၄၀၀၀)ကျပ် ရရှိကြပါသည်။ သတ္ထုတူးဖော်ရေးလုပ်ငန်းအတွက် အများဆုံးလုပ်ခငွေမှာ ကျား (၇၀၀၀)ကျပ်၊မ (၄၀၀၀) ကျပ်နှင့် အနည်းဆုံးကျား(၅၀၀၀)ကျပ်၊မ (၃၀၀၀)ကျပ် ရရှိကြပါသည်။ ထုတ်ကုန် လုပ်ငန်းအတွက် အများဆုံး လုပ်ခငွေမှာ ကျား (၆၀၀၀)ကျပ်၊မ (၅၀၀၀)ကျပ်နှင့် အနည်းဆုံး ကျား(၅၀၀၀)ကျပ်၊မ (၃၀၀၀)ကျပ် ရရှိကြပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းအတွက် အများဆုံး ကျား (၈၀၀၀) ကျပ်နှင့် အနည်းဆုံး ကျား(၅၀၀၀)ကျပ် တို့ဖြစ်ကြပါသည်။ လက်လီ-လက်ကားအရောင်းအဝယ်လုပ်ငန်းအတွက် အများဆုံး လုပ်ခငွေမှာ မ (၄၀၀၀) ကျပ်နှင့် အနည်းဆုံး (၃၀၀၀)ကျပ် ရရှိကြပါသည်။ အပ်ချုပ်ခြင်းအတွက် အများဆုံး လုပ်ခငွေမှာ မ (၅၀၀၀)ကျပ်နှင့် အနည်းဆုံး မ (၃၀၀၀)ကျပ် ရရှိကြပါသည်။

ကျွန်တော်တို့ရွာတွင် လုပ်သားအင်အား အသင့်အတင့်ရရှိနိုင်ပါသည်။ လယ်ယာသား ငါးမဟုတ်သော အခြားဒေသထွက်ထုတ်ကုန်များကို ရောင်းချရန် စျေးကွက်အသင့်အတင့် ရှိပါသည်။စျေးကွက်ဆိုင်ရာအသိပညာများလည်း အသင့်အတင့်နားလည်ပါသည်။ ကုန်ကြမ်းများလည်းရှိပါသည်။လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်မီးရရှိမှု အခြေအနေမှာ ကောင်းပါသည်။ချေးငွေမှာ အစိုးရစိုက်ပျိုးရေးဘဏ်၊သမဘဏ်မှ ချေးငွေများမှလွဲ၍မရပါ။

စိုက်ပျိုးမွေးမြူရေး မဟုတ်သောအသက်မွေးဝမ်းကြောင်းဆိုင်ရာ အသေးစား၊ အလတ်စား လုပ်ငန်းများလည်း အသင့်အတင့်တတ်မြောက်ကြပါသည်။ အလုပ်အကိုင်အခွင့်အလန်းများလည်း ပေါများပါသည်။

ကျွန်တော်တို့ရွာတွင် ကျပန်းလုပ်သားများလည်းရှိကြပါသည်။ရွာအနီးတစ်ဝိုက်တွင် ဝင်ငွေရသော အခြားလုပ်ငန်းများကို လုပ်ကိုင်စားသောက်နေကြရပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။မှန်လွဲကုန်းကျေးရွာတွင် အခြားသို့ရွှေ့ပြောင်း သွားလာလုပ်ကိုင်သူအိမ်ထောင်စု (၈)အိမ်ရှိပြီး ပြည်တွင်းတွင်သွားရောက်လုပ်ကိုင်သူ ကျား(၇)ဦး၊မ(၆)ဦးရှိပြီး ၎င်းရွှေ့ပြောင်း သူများ ထဲတွင်(၃)လအထိရွှေ့ပြောင်းလုပ်ကိုင်သူ မ(၁)ဦး၊(၆)လအထိရွှေ့ပြောင်းလုပ်ကိုင်သူ ကျား(၃)ဦး၊မ(၂)ဦးပေါင်း(၆)ဦး၊ (၁၂)လအောက် ရွှေ့ပြောင်းလုပ်ကိုင်သူ ကျား(၄)ဦး၊မ(၃)ဦး တို့ရှိကြပါသည်။

မှန်လွဲကုန်းကျေးရွာရှိ ရွှေ့ပြောင်းလုပ်ကိုင်သူများသည် ရွှေ့ပြောင်းလုပ်ကိုင်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ မိသားစု၏ ပိုမိုကောင်းမွန်သော ဝင်ငွေအခွင့်အလန်းနှင့် အလုပ်အကိုင်အခွင့်အလန်းများ ရှာဖွေရန်ဖြစ်ပါသည်။

မှန်လွဲကုန်းကျေးရွာရှိ ရွှေ့ပြောင်းလုပ်ကိုင်ကြသူများထဲတွင် ပြန်ပို့ငွေကိုမှီခိုရသော အိမ်ထောင်စု(၈)အိမ်ရှိပြီး မြင့်(၃)၊လတ်(၅)ရှိပါသည်။၎င်းတို့မှာ အိမ်သို့ငွေလွဲပို့ရာတွင် ဘဏ်ဖြင့်ငွေလွှဲသူအိမ်ထောင်စု(၅)အိမ်၊ငွေလွှဲလုပ်ငန်း(ဟွန်ဒီ)ဖြင့် လွှဲပို့သူ(၁)ဦးနှင့်လူကြုံ ဖြင့်လွှဲပို့သူ (၂)ဦး ရှိပါသည်။

(c) ကုန်စည် နှင့် ဝန်ဆောင်မှုဈေးကွက်။ ။ ကျွန်တော်တို့ရွာ၏ အနီးဆုံးဈေးမှာ ဂျိုးတောင်ဈေးဖြစ်ပြီး ရွာနှင့်(၁)မိုင်အကွာအဝေးတွင်ရှိပါသည်။သယ်ယူပို့ဆောင်ရေးမှာ ကား၊ဆိုင်ကယ်၊ သုံးဘီး၊ထော်လာဂျီနှင့်ခြေလျင်သွားနိုင်ပါသည်။ဂျိုးတောင်ဈေးတွင် မီးဖိုချောင်သုံးပစ္စည်းမှစ၍ အဝတ်အထည်၊လျှပ်စစ်ပစ္စည်း၊ဆေးဝါးများမှအစ လယ်ယာသုံးအပိုပစ္စည်းအချို့ပါရရှိနိုင်ပါသည်။ ရွာသာကျေးရွာ၏ အကြီးစားဈေးကွက်မှာ ဝန်းသိုမြို့မှဈေးဖြစ်ပါသည်။ရွာမှ (၁၀)မိုင်ဝေးကွာပါသည်။လိုအပ်သည့်ပစ္စည်းအားလုံးရရှိနိုင်ပါသည်။ ဈေးအခြေအနေမှာလည်း ကောင်းမွန်ပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျွန်တော်တို့ကျေးရွာရှိ တောင်သူလယ်သမားများကို မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ၃လမှ ၆လအတွင်းကာလကို ဆပ်ရမည်ဆိုသော်လည်း တောင်သူများ၏ အခက်အခဲကြောင့် နောက်ကျမှဆပ်နိုင်ကြပါသည်။ မြန်မာ့စီးပွားရေးဘဏ်အတိုးနှုန်းမှာ(၂%)သာဖြစ်ပါသည်။ လယ်ဂရန်များကို အပေါင်ခံပစ္စည်း အဖြစ် ယူဆောင်သွားရသည်။ စပါးများကို ဈေးနှုန်းအခက်အခဲကြောင့် နောက်ကျမှရောင်းရခြင်း၊ သီးနှံဈေးနှုန်းမှန်ကန်စွာမရခြင်းများ တောင်သူများမှခံစားနေရပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျွန်တော်တို့ရွာတွင် သတ္ထုနှင့်အခြားသယံဇာတ တွင်းထွက်များ၊ဓာတ်ငွေ့၊ရေနံ၊ ကျောက်မျက်ရတနာများ မထွက်ပါ။ ကျောက်သဲ၊ကျောက်စရစ်များလည်း ရှားပါးပါသည်။သဘာဝဆေးဘက်ဝင်အပင်များလည်း အနည်းငယ်ရှိပါသည်။သဘာဝတောရိုင်းတိရစ္ဆာန်မျိုးစိတ်များလည်း အနည်းငယ်တွေ့ရပါသည်။

ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများလည်းရှိပြီး ကျပန်းလုပ်ကိုင်စားသောက်သူ ဦးရေအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ရေကြီးနှစ်မြုပ် ဧရိယာမရှိပါ။ကျေးရွာပိုင်သစ်တောများ ပြုန်းတီးခြင်းကြောင့် ရာသီဥတုအခြေအနေများ ပြောင်းလဲလာပြီး မြေဆီလွှာပျက်စီးမှုများ အနည်းငယ်ရှိပါသည်။

ကျွန်တော်တို့ရွာသည် သဘာဝမှရသော မြေဆီ၊မြေဩဇာများရှိပါသည်။ သဘာဝအနေအထားရသော်လည်းကောင်း၊ဓာတုပစ္စည်းများအသုံးပြုများလာ သောကြောင့် သော်လည်းကောင်း သဘာဝမြေဆီ၊မြေဩဇာနည်းပါးလာရခြင်းဖြစ်ပါသည်။ အပင်မျိုးစိတ်များမှာလည်း ဒေသထွက်မျိုးစိတ်ပင်များသာရှိပါသည်။ တစ်ခါတရံဖျက်ပိုးများ ကျရောက်တတ်ကြပါသည်။ သဘာဝသစ်တောများပြုန်းတီးလာခြင်းကြောင့် ချောင်း၊မြောင်းများ ရေနည်းပါးလာခြင်း၊ စိမ့်စမ်းရေများ ခမ်းခြောက်လာခြင်းတို့ကြုံတွေ့နေရပါသည်။သို့သော် စိမ့်စမ်းရေများရေအရင်းအမြစ်များ ရှိပါသည်။ငါးမျိုးကွဲများ၊အခြားတိရစ္ဆာန်မျိုးကွဲများလည်း ရှိပါသည်။စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများလည်း ရှိပါသည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျွန်တော်တို့မှန်လွှဲကုန်းကျေးရွာတွင် မူလတန်းကျောင်းရှိပါသည်။စာသင်ကျောင်းသို့ ခြေလျင်သွားရပါသည်။ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်ပညာရေးကို ဂျိုးတောင်အထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားကြရပါသည်။ရွာရှိ စာသင်ကျောင်းမှာ ကောင်းပါသည်။ ကျောင်းသုံး

ပရိဘောဂများမှာလည်း ကောင်းမွန်ပါသည်။လုံလောက်မှုလည်းရှိပါသည်။ကျောင်းအိမ်သာမှာလည်း ကောင်းပါသည်။ကျောင်းတွင် အဟာရတိုက်ကျွေးမှုမရှိပါ။ကျေးတွင် ဆရာ (၁)ယောက် ၊ဆရာမ (၄)ယောက် ပေါင်း (၅) ယောက်ရှိပါသည်။

ကျွန်တော်တို့ရွာ မူလတန်းစာသင်ကျောင်းတွင် ကျောင်းဆရာ၊ ဆရာမလုံလောက်မှု ရှိပါသည်။ တပည့်ဆရာအချိုး ညီမျှမှုရှိပါသည်။ကျောင်းသုံးစာအုပ်လုံလောက်မှုမရှိပါ။ ကျောင်း အားကစားဆိုင်ရာပစ္စည်းများ လုံလောက်မှုမရှိပါ။မိဘဆရာအသင်းအခန်းကဏ္ဍပါဝင်မှု အသင့် အတင့်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ ရာသီတုတ်ကွေး ရောဂါများ၊သွေးလွန်တုတ်ကွေးရောဂါ၊ဆီးချိုသွေးတိုးရောဂါဖြစ်ပွားသူ အနည်းငယ်ရှိပါသည်။ အသက်ရှူလမ်းကြောင်ဆိုင်ရာရောဂါများ၊အဟာရချို့တဲ့သောရောဂါများ၊HIV/AIDS ၊တီဘီ၊ဆီးချို ရောဂါများ မရှိပါ။သွေးတိုးရောဂါဖြစ်ပွားသူ အနည်းငယ်ရှိပါသည်။အသည်းရောဂါ ဘီပိုး၊စီပိုး ရောဂါရှိသူများ မရှိပါ။

ကျွန်တော်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။သို့သော် ဂျိုးတောင်တိုက်နယ်ဆေးရုံမှ တစ်လတစ်ခါ ကာကွယ်ဆေးထိုးပေးလေ့ရှိပါသည်။ အဟာရ ပညာပေးအစီအစဉ်များမရှိပါ။

ကျေးရွာမှ ဂျိုးတောင်တိုက်နယ်ဆေးရုံသို့ သွားရောက်ရန်ကြာချိန်(၃၀)မိနစ်သာ ကြာမြင့်ပါသည်။ ကျေးရွာရှိကိုယ်ဝန်ဆောင်မိခင်များ၊ကလေးငယ်များ ကာကွယ်ဆေးထိုးနှံခြင်း ကျန်းမာရေး စောင့်ရှောက်မှုများခံယူကြပါသည်။ မြို့နယ်ဆေးရုံနှင့် ကျေးရွာအကွာအဝေးမှာ (၅)မိုင်မှ (၁၀)မိုင်ကြားကွာဝေး ပါသည်။ ကျေးရွာတွင် ဆေးဆိုင်မရှိပါ။

ကျွန်တော်တို့ရွာသည် ရေတွင်း(၂၄)တွင်းရှိပြီး မိုးရာသီ၊ ဆောင်းရာသီများသာရေပေါများပြီး နွေရာသီတွင် ရေတွင်းအားလုံးရေထွက်နည်းပြီး ရွာသူ/သားများရေအခက်အခဲ ကြုံတွေ့နေရပါ သည်။ စိမ့်စမ်းရေအသုံးပြုသော အိမ်ခြေ(၁၂)အိမ်ရှိပါသည်။

ကျွန်တော်တို့ရွာတွင် ယင်လုံအိမ်သာ(၅၀)အိမ်ရှိပါသည်။ အိမ်သာမရှိသောအိမ် မရှိပါ။ တချို့အိမ်များတွင် သန့်ရှင်းရေးအနည်းငယ် လစ်ဟာမှုရှိပါသည်။ ရွာသူ/ သားများအားလုံးသည် ယင်လုံအိမ်သာများကိုသာ အသုံးပြုနေကြပါသည်။

(စျ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့ရွာရှိ ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ခြင်းကြောင့် မကောင်းကြပါ။ လမ်းများမှ မြေညီညာမှုမရှိခြင်းကြောင့် ချိုင့်ခွက်များရှိခြင်း၊ မိုးရာသီတွင် ရွှံ့ဗွက်များပေါများ ခြင်းကြောင့် လမ်းများပျက်စီးခြင်းများ ကြုံတွေ့နေရပါသည်။

ကျွန်တော်တို့ကျေးရွာတွင် သစ်သားတံတား(၁)စင်းရှိပြီး တံတား၏အတိုင်းအတာမှာ (၂၀'_၅'_၄')ရှိပါသည်။ ပျက်စီးယိုယွင်းနေသဖြင့် ပြုပြင်ရန်လိုအပ်ပါသည်။

ကျွန်တော်တို့မြို့နယ်သည် မြစ်မရှိပါ။ဒေါင်းမြူးချောင်းရေကိုသာ အားထားရသော မြို့နယ်ဖြစ်သောကြောင့် ကျေးရွာများတွင်လည်း မြစ်ကြောင်းပို့ဆောင်ရေး၊ ပင်လယ်ရေကြောင်းပို့ဆောင်ရေးများမရှိပါ။

ကျွန်တော်တို့ရွာ၏ သယ်ယူပို့ဆောင်ရေးစနစ်မှာ စက်ဘီး၊ဆိုင်ကယ်၊ကား၊ထော်လာကျီနှင့် သုံးဘီးများကိုသာအများဆုံး အသုံးပြုပါသည်။စက်ဘီး(၉)စီး၊မော်တော်ဆိုင်ကယ် (၅၀)စီး၊ သုံးဘီး(၁)စီး၊ထော်လာကျီ(၂)စီး၊ကား(၁)စီး၊ နွားလှည်း(၂၉)စီးရှိပါသည်။

ကျွန်တော်တို့ရွာ၏ လျှပ်စစ်မီးရရှိမှုအခြေအနေမှာ လျှပ်စစ်မီးရရှိသော်လည်း မဟာဓာတ်အားလိုင်းအသုံးပြုသူ အိမ်ခြေ (၃၉)အိမ်၊ ဆိုလာစနစ်အသုံးပြုသူ အိမ်ခြေ(၁၁)အိမ် နှင့် လျှပ်စစ်မီးအသုံးမပြုနိုင်သူ (၁၁)အိမ်ရှိပါသည်။

ကျွန်တော်တို့ရွာတွင် ဆက်သွယ်ရေးအနေဖြင့် ဖုန်း(၇၉)လုံးရှိပြီး ရေဒီယို(၂)လုံး၊ တီဗွီ(၃၄)လုံးနှင့် PSI စလောင်း(၃၀)လုံး ပိုင်ဆိုင်ကြပါသည်။ဖုန်းလိုင်းမှာ MPT,Telenor, Ooredoo,Mytel ဖုန်းလိုင်း(၄)မျိုးလုံး ရရှိပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့ကျေးရွာတွင် လူငယ်များသည် ရိုးရာယဉ်ကျေးမှုကို အလေးထားသူများဖြစ်ကြပါသည်။ ရိုးရာပွဲတော်၊ ဘာသာရေးပွဲတော်များကို အလေးထား ဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့စည်းများ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြပါသည်။လူငယ်များသည် သက်ကြီးရွယ်အိုများအား သီတင်းကျွတ်တွင် ကန်တော့ခြင်း၊ဘုန်းကြီးကျောင်းများတွင်ဆီမီးပူဇော်ခြင်း ကန့်တော့ခြင်းများ ရှိကြပါသည်။ ကျောင်းပိတ်ရက်များတွင် ဓမ္မစကူးသင်တန်းများ ဖွင့်လှစ်သက်ကြားပေးပါသည်။

(၎) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျွန်တော်တို့ရွာ၏ လုံခြုံရေး အခြေအနေမှာ အသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများ မရှိပါ။ ကျွန်တော်တို့ရွာတွင် အဖြစ်များဆုံးအမှုမှာ ခိုးမှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ ခိုက်ရန်ဖြစ်ပွားမှုတို့ ဖြစ်သည်။

လူကုန်ကူးမှုနှင့်အကြမ်းဖက်လုယက်မှုများမရှိပါ။မူခင်းကာကွယ်တားဆီးရေးအတွက် ရဲဘက် ဆိုင်ရာဝန်ဆောင်မှု အားနည်းကြောင်းတွေ့ရှိရပါသည်။မူးယစ်ဆေးဝါးသုံးစွဲသူများရှိ၍ စိုးရိမ် ရပါသည်။ ရွာအနီးတဝိုက်တွင် ဆေးဝါးသုံးစွဲရန်သွားလာနေသူများရှိသဖြင့် လုယက်မှု၊ ခိုးမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ကျေးရွာအတွက် အန္တရာယ်အလွန်ပင်များပါသည်။

(၅)ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အ တား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့်ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာ မြေများရှိပြီး မြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ ရေအရင်းအမြစ်ရရှိနိုင်သော ချောင်းများ ရှိပါသည်။လမ်းမကြီးဘေးတွင် တည်ရှိသောကျေးရွာဖြစ်သည့်အတွက် ဆက်သွယ်ရေး ကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာအရှေ့ဘက်တွင်လချောင်းရေများရှိသော်လည်း ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ချောင်းရေကြီးချိန်တွင် ကျေးရွာတွင်း ရေဝင်ရောက်မှုများလည်းရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရ သော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများ ကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီ ပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုး မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊

စျေးကွက်များလက်လှမ်း မမီခြင်းမှာလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျှော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်သောသောက်သုံးရေ နှင့် လူမှုအခြေခံ အဆောက်အဦးများ လက်လှမ်းမီ တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ

အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) **ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်** ဆည်မြောင်းဦးစီးဌာနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်စျေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများတည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ် အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်း ပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်း များကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်း ပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင်

စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရ မှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ ချေးငွေ	၁။ ဝမ်းစာဖူလုံမှုဆိုင်ရာချေးငွေ	၁၀၀	၁		
၂။ စိုက်ပျိုးရေး	၂။ ရေလွှဲဆည်တည်ဆောက်ခြင်း	၉၀	၂		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေးအဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ချေးငွေ • ဝမ်းစာမဖူလုံမှုဆိုင်ရာချေးငွေ	၁				✓	
၂	စိုက်ပျိုးရေးလုပ်ငန်းများ • ရေလွှဲဆည်တည်ဆောက်ခြင်း	၂					✓

(ဉ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီ များရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	ချေးငွေ • ဝမ်းစာမဖူလုံမှုဆိုင်ရာချေးငွေ			✓		
၂	စိုက်ပျိုးရေးလုပ်ငန်းများ • ရေလွှဲဆည်တည်ဆောက်ခြင်း			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့်တံတားဆောက် လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်း ကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့ အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်း စသည်ဖြင့် ဆောင် ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှုအခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲ ဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင်အထည် ဖေါ်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စု များ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ် ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့ အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်း အဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည် ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆို ပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှား မှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက် မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင် သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း

ကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(c) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်း	အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ
၁။	• ဝမ်းစာမဖူလုံမှု	• ကျေးရွာ၏ အဓိကစီးပွါးရေးလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သောကြောင့် ထွက်ရှိလာသောစပါးများကို ပညာရေး၊ ကျန်းမာရေး၊ သာရေး၊နာရေးများကို အသုံးပြုရန် အတွက် ရောင်းချကာ သုံးစွဲကြရပါသည်။	• စိုက်ပျိုးရေးသာမက မွေးမြူရေးလုပ်ငန်းများကို ပါလုပ်ကိုင်နိုင်ခြင်း၊မြေနေရာရှိခြင်း၊	• ငွေကြေးမတတ်နိုင်ကြခြင်း	• ချေးငွေ	• ဝမ်းစာမဖူလုံမှုဆိုင်ရာ ချေးငွေ
၂	• စိုက်ပျိုးရေရှားပါးခြင်း	• ရေအရင်းအမြစ်ကို အသုံးမချနိုင်ခြင်း၊ရေမလုံလောက်ခြင်း၊တစ်နှစ်ပတ်လုံး သီးနှံမစိုက်ပျိုးနိုင်ခြင်း	• ချောင်းများမြောင်းများရှိခြင်း၊ရေလွှဲဆည်တည်ဆောက်နိုင်ခြင်း၊ကျောက်၊သဲများရနိုင်ခြင်း၊လုပ်အားတတ်နိုင်ခြင်း	• ငွေကြေးမတတ်နိုင်ကြခြင်း • ဆည်မြောင်းဦးစီးဌာနမှ ကွင်းဆင်းမကြည့်ရှုနိုင်ခြင်း	• ဆည်မြောင်းဦးစီးဌာနမှ ကွင်းဆင်းလေ့လာပြီး စိုက်ပျိုးတောင်သူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း ရေလွှဲဆည်တည်ဆောက်ခြင်း	• ရေလွှဲဆည်တည်ဆောက်ခြင်း

မှန်လွဲကုန်းကျေးရွာ၊ကျိုးတောင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသိန်းမြင့်	ဦးမြမောင်	၅/ဝသန(နိုင်)၀၃၄၄၈	၅၅	ဥက္ကဋ္ဌ	
၂	ဦးမြဝင်း	ဦးထွန်းခ	၅/ဝသန(နိုင်)၀၃၄၄၇၃	၅၇	အတွင်းရေးမှူး	
၃	ဦးဖိုးမဲ	ဦးထွန်းခ	၅/ဝသန(နိုင်)၀၃၄၄၇၂	၅၃	ဘဏ္ဍာရေးမှူး	
၄	ဦးဝင်းမြင့်	ဦးအေးမောင်	၅/ဝသန(နိုင်)၀၃၄၄၆၅	၅၂	အဖွဲ့ဝင်	
၅	ဦးစိုးမြင့်	ဦးလှရွှေ	၅/ဝသန(နိုင်)၀၃၄၄၉၄	၅၀	အဖွဲ့ဝင်	
၆	ဦးစိုးတင့်	ဦးလှရွှေ	၅/ဝသန(နိုင်)၀၀၆၈၀၁	၄၆	အဖွဲ့ဝင်	
၇	ဒေါ်အေးငြိမ်းသူ	ဦးညွှန့်မောင်	၅/ဝသန(နိုင်)၀၅၁၈၄၁	၃၀	စာရင်းကိုင်	၀၉၂၅၉၇၉၀၂၆၉
၈	ဒေါ်ခင်မာဝင်း	ဦးသန်းမောင်	၅/ဝသန(နိုင်)၀၀၉၉၆၁	၄၉	အဖွဲ့ဝင်	၀၉၂၅၈၉၄၆၃၀၉
၉	ဒေါ်သူဇာလွင်	ဦးတင်မြင့်	၅/ဝသန(နိုင်)၀၄၇၄၁၅	၃၄	ဥက္ကဋ္ဌ(ဝယ်/ရေး)	၀၉၇၅၅၄၉၇၅၈၈
၁၀	ဒေါ်ဌေးဝင်း	ဦးတင်မောင်	၅/ဝသန(နိုင်)၀၀၆၇၉၉	၄၄	အဖွဲ့ဝင်	၀၉၂၅၉၈၁၉၁၄၄
၁၁	ဒေါ်အိအိသူ	ဦးမောင်ဝ	၅/ဝသန(နိုင်)၀၆၇၃၂၈	၂၃	အဖွဲ့ဝင်	၀၉၇၆၀၆၁၉၉၇၉

ရည်ညွှန်းချက်များ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ကျေးရွာ၏ လူမှုစီးပွားရေးအထောက်အကူပြု ဇယားများ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	-	-	-
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄	၇	၁၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၁	၁၃	၂၄
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၂	၁၀	၂၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၇၀	၇၁	၁၄၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄	၃	၇
စုစုပေါင်း		၁၀၁	၁၀၄	၂၀၅
စုစုပေါင်း အိမ်ထောင်စု		**၅၀**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ဗမာလူမျိုးများ နေထိုင်ကြပါ သည်။ အိမ်ထောင်စု(၅၀)အိမ်ရှိပြီးနို့စို့အရွယ် ကလေးများမရှိပါ။၁နှစ်မှ ၄နှစ်အထိ ၅ နှစ် အောက်ကလေးငယ် ကျား ၄ ဦး၊ မ ၇ ဦး စုစုပေါင်း ၁၁ ဦးရှိပါသည်။ မူလတန်း ကျောင်းသားအရွယ် ကျား(၁၁)၊မ(၁၃) ပေါင်း(၂၄) ယောက်၊ (၁၀)နှစ်မှ (၁၄)နှစ် အလယ်တန်းကျောင်းသားအရွယ် ကျား(၁၂)၊မ(၁၀)ပေါင်း (၂၂)ဦး၊၁၅နှစ်မှ (၆၄)နှစ် အလုပ်လုပ်နိုင်သည့်အရွယ်ကျား(၇၀)၊ မ(၇၁) ပေါင်း(၁၄၁)ယောက်နှင့် (၆၅)နှစ်အထက် ကျား(၄)၊မ(၃)ပေါင်း(၇)ယောက် တွေ့ရှိရပါသည်။ ကျေးရွာရှိ စုစုပေါင်း ကျား၊မဦးရေမှာ (၂၀၅)ဦး ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၈	၅၂		မြင့် ☐✓ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၁၅	မြင့် ☐ လတ်☐ နိမ့်☐✓
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂		မြင့် ☐ ✓ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၂	၂		မြင့် ☐ ✓လတ်☐ နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်☐ နိမ့်☐✓
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			၂	မြင့် ☐ လတ်☐ နိမ့်☐✓
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း			၆	မြင့် ☐ လတ်☐ နိမ့်☐✓
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၂	၃		မြင့် ☐ လတ်☐ ✓ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၁		မြင့် ☐ လတ်☐ ✓နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၆	မြင့် ☐ လတ်☐✓ နိမ့်☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၃	၂		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၅၀	၆၃		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးကို အိမ်တောင်စု ၅၀ စုတွင် ၃၈ အိမ်မှကိုယ်ပိုင်လုပ်ကိုင်သူများဖြစ်ပါသည်။ မွေးမြူရေးကို တပိုင်တနိုင်လုပ်ကိုင်ကြပါသည်။ လမ်းခင်းကျောက်တူးဖော်ရေးလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ကိုင်သူ(၂)ဦး၊ ထုတ်ကုန် လုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ကိုင်သူ (၁)ဦး၊ဆောက်လုပ်ရေးလုပ်ငန်းတွင် ပန်းရန် အလုပ် လုပ်ကိုင်သူ(၂)ဦး၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ(၆)ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ကိုယ်ပိုင်(၂)ဦးနှင့်အငှားလုပ်ကိုင်သူ (၃)ဦး ၊ ပို့ဆောင်ရေးလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ (၂)ဦး၊အငှားလုပ်ကိုင်သူ (၁)ဦး၊ ပညာရေးတွင်လုပ်ကိုင်သူ(၆)ဦး၊ ရာသီအလိုက် အငှားလိုက်သူ အိမ်ထောင်စု(၂)အိမ်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၇၀၀၀	၄၀၀၀	၅၀၀၀	၃၀၀၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၃၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀		၅၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား		၄၀၀၀		၃၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား		၅၀၀၀		၃၀၀၀
	ဟိုတယ်နှင့်စားသောက်ဆိုင်					

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်သော အဓိကဝင်ငွေရလုပ်ငန်းများအလွန်နည်းပါးပါသည်။ အလုပ်အကိုင်ရှားပါးသော ဒေသဖြစ်ပါသည်။ကျွန်တော်တို့ရွာတွင် ရာသီအလိုက်စပါးစိုက်ပျိုး၊ရိတ်သိမ်းချိန် များတွင်သာ အလုပ်အကိုင်ရှိပါသည်။ ကျန်အချိန်များတွင် အခြားကျပန်းအလုပ်အကိုင်များ ရှိရာဒေသများသို့သွားရောက်၍ နေ့စားကျပန်းအလုပ်များလုပ်ကိုင်ကြရပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အများဆုံးလုပ်ခငွေမှာ ကျား (၆၀၀၀)ကျပ်၊မ (၅၀၀၀)ကျပ်နှင့် အနည်းဆုံး ကျား(၅၀၀၀)ကျပ်၊မ (၄၀၀၀)ကျပ် ရရှိကြပါသည်။ သတ္ထုတူးဖော်ရေးလုပ်ငန်းအတွက် အများဆုံးလုပ်ခငွေမှာ ကျား (၇၀၀၀)ကျပ်၊မ (၄၀၀၀)ကျပ်နှင့် အနည်းဆုံးကျား(၅၀၀၀)ကျပ်၊မ (၃၀၀၀)ကျပ် ရရှိကြပါသည်။ထုတ်ကုန်လုပ်ငန်းအတွက် အများဆုံးလုပ်ခငွေမှာ ကျား (၆၀၀၀)ကျပ်၊မ (၅၀၀၀)ကျပ်နှင့် အနည်းဆုံး ကျား(၅၀၀၀)ကျပ်၊မ (၃၀၀၀)ကျပ် ရရှိကြပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းအတွက် အများဆုံး ကျား (၈၀၀၀) ကျပ်နှင့်အနည်းဆုံး ကျား(၅၀၀၀)ကျပ် တို့ဖြစ်ကြပါသည်။ လက်လီ-လက်ကား

အရောင်းအဝယ်လုပ်ငန်းအတွက် အများဆုံး လုပ်ခငွေမှာ မ (၄၀၀၀)ကျပ်နှင့် အနည်းဆုံး (၃၀၀၀)ကျပ် ရရှိကြပါသည်။ အပ်ချုပ်ခြင်းအတွက် အများဆုံး လုပ်ခငွေမှာ မ (၅၀၀၀)ကျပ်နှင့် အနည်းဆုံး မ (၃၀၀၀)ကျပ် ရရှိကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၈၉.၃	ကောင်း ☐	သင့်☐ ✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၄.၅၀	ကောင်း ☐	သင့်☐ ✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း		☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ မှန်လွဲကုန်းကျေးရွာကျေးရွာသည် စိုက်ပျိုးရေး အဓိကထားသောကျေးရွာဖြစ်ပါသည်။ကျေးရွာရှိ အိမ်ထောင်စု(၅၀)ရှိသည့်အနက် (၃၈)အိမ်မှာ စိုက်ပျိုးရေးကိုလုပ်ကိုင်သော အိမ်များဖြစ်ကြပါသည်။ စိုက်ပျိုးမြေကေ (၁၈၉.၃)ကေ ရှိပြီး ဥယျာဉ်ခြံမြေ၊ ခနိတောမြေ၊ကိုင်းကျွန်းမြေများမရှိပါ။ကျေးရွာတွင် သတ္ထုနှင့်အခြားတွင်းထွက် သယံဇာတများ မရှိပါ။ကျောက်သဲ၊ကျောက်စရစ်နှင့်သဘာဝမျိုးစိတ်ပင်များ၊ ဆေးဘက်ဝင် အပင်များ အနည်းငယ် ရှိသော်လည်း အသုံးပြုနိုင်ခြေနည်းပါးပါသည်။ သဘာဝတောရိုင်းတိရိစ္ဆာန် မျိုးစိတ်များ အနည်းငယ်တွေ့ရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ □ သင့်□ နည်း □ မရှိ □✓	လွယ် □ခက်□✓ အသုံးမပြုနိုင်ပါ□
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ □ သင့်□ နည်း □ ✓ မရှိ □	လွယ် □ ခက်□✓အသုံးမပြုနိုင်ပါ□
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ □ သင့်□ ✓ နည်း □ မရှိ □	လွယ် □✓ ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ □ သင့်□ ✓ နည်း □ မရှိ □	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ရွာတွင် သတ္တုနှင့်အခြားသယံဇာတတွင်းထွက်များ၊ဓာတ်ငွေ့၊ရေနံ၊ ကျောက်မျက်ရတနာများ မထွက်ပါ။ ကျောက်သဲ၊ ကျောက်စရစ်များလည်း ရှားပါးပါသည်။သဘာဝဆေးဘက်ဝင်အပင်များလည်း အနည်းငယ်ရှိပါသည်။ သဘာဝတောရိုင်းတိရစ္ဆာန်မျိုးစိတ်များလည်း အနည်းငယ်တွေ့ရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု		၁၅	၂၆	၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊ အဆောက်အအုံပိုင်ဆိုင်မှုတို့အပေါ်အခြေခံ၍ ဥစ္စာဓနအဆင့်အခြေအနေကိုသတ်မှတ်ထားပါသည်။ အဆင်ပြေသော

အိမ်ထောင်စုမရှိပါ။ အလယ်အလတ်ရှိသောအိမ်ထောင်စု(၁၅)အိမ်၊ မပြေလည်သော အိမ်ထောင်စု (၂၆)အိမ်နှင့် အလွန်မပြေလည်သောအိမ်ထောင်စု (၉)အိမ် ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	**အိမ်ထောင်စု အရေအတွက်**	**ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေစစ်တမ်းကောက်ယူမှုအရ အစားအစာ လျှော့ စားရသောအိမ် ချေးငွေယူရသောအိမ်မရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	**ကျား**	**မ**	**ပေါင်း**
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			

အကြောင်းအရာ	ကျား	မ	ပေါင်း
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မိဘစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများ၊ မသန် မစွမ်းသူများ မရှိကြပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐✓
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐✓
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐ ✓	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐✓
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐✓
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐✓
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐✓
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐✓
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐ ✓	နိမ့်☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐✓
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐✓
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐✓
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐ ✓	နိမ့်☐	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐✓
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐ ✓	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ များလည်းရှိပြီး ကျပန်းလုပ်ကိုင်စားသောက်သူ ဦးရေအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ရေကြီးနှစ်မြုပ် ဧရိယာမရှိပါ။ကျေးရွာပိုင်သစ်တောများ ပြုန်းတီးခြင်းကြောင့် ရာသီဥတုအခြေ အနေများ ပြောင်းလဲလာပြီး မြေဆီလွှာပျက်စီးမှုများ အနည်းငယ်ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ ✓ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ ✓ နိမ့်☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ ✓ နိမ့်☐ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐ ✓ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် မိသားစုတစ်စုမှတစ်စုသို့ ကွဲထွက်သွားသောကြောင့်ဖြစ်ပါသည်။ထို့ကြောင့် ကျပန်းလုပ်ကိုင်စားသောက်သူ အနည်းငယ် ရှိခြင်းဖြစ်ပါသည်။အိမ်ထောင်စုအသစ်များဖြစ်သောကြောင့် မိသားစုစားဝတ်နေရေး အဆင်ပြေ စေရန် ရွှေတူးခြင်း၊ရွှေတွင်းလုပ်သားအဖြစ်ဝင်ရောက်လုပ်ကိုင်ခြင်းများအနည်းငယ်ရှိပါသည်။ နေရပ်ပြန်အခြေချသူ အနည်းငယ်ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	မီးကော်မတီ	၁□ ၂□✓ ၃□	၅	၃	၈	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □✓ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း✓ သင့် □ ညံ့ □
၂	သမဝါယမကော်မတီ	၁□✓ ၂□ ၃□				ပညာရေး □ ငွေကြေး □✓ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □✓ ညံ့ □
၃	ကျောင်းကော်မတီ	၁□ ၂□✓ ၃□				ပညာရေး □ ✓ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □✓ သင့် □ ညံ့ □
၄	ဂေါပကအဖွဲ့	၁□ ၂□ ၃□ ✓				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □✓ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □✓ သင့် □ ညံ့ □
၅	လူပျိုအပျိုအဖွဲ့	၁□ ၂□✓ ၃□				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □✓	ကောင်း □✓ သင့် □ ညံ့ □

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် တခြားအဖွဲ့အစည်းများတွင်ပါဝင်ထားခြင်းမရှိပါ။ မီးလင်းရေးကော်မတီ၊ ကျောင်းကော်မတီ၊ သမာဝါယမ ကော်မတီ၊ဂေါပကအဖွဲ့၊ လူပျိုအပျိုအဖွဲ့များတွင် တက်ညီလက်ညီဖြင့် ရွာ၏သာရေး၊နာရေး လုပ်ငန်း များတွင် တက်ကြွစွာလုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၃		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာအားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသော တခြားအဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၃	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၁	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၃	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၅၀**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မှန်လွဲကုန်းကျေးရွာတွင် မြေယာမဲ့ (၁၃)အိမ်၊၂.၅ ဧက အောက် ဆင်းရဲသားတောင်သူ (၂)အိမ်၊၂.၅ဧကမှ ၅ ဧကကြားပိုင်ဆိုင်သူ တောင်သူငယ် (၁၁)အိမ်၊၅ဧကမှ ၁၂.၅ ဧကကြားပိုင်ဆိုင်သူ တောင်သူလတ် (၂၃)အိမ်၊၁၂ ဧကအထက် (၁)အိမ် စုစုပေါင်း ၅၀ အိမ် ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐✓ မဖြေဆိုပါ☐	ရှိ☐✓ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐✓ မဖြေဆိုပါ☐	ရှိ☐ ✓ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐✓	ရှိ☐ မရှိ☐ ✓ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐✓	ရှိ☐ ✓ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐✓	ရှိ☐ မရှိ☐ ✓ မဖြေဆိုပါ ☐
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐✓	ရှိ☐ မရှိ☐✓ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐✓	ရှိ☐ မရှိ☐ ✓ မဖြေဆိုပါ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□✓ မဖြေဆိုပါ□	ရှိ□✓ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ရွာသည် ဆည်မရှိပါ။လယ်မြေများသည် ရေလွှဲမြောင်း၊ရေသွင်းမြောင်းများမှ ရေကို ရာသီအလိုက် မိုးရေ၊ချောင်းရေများကိုသာသွယ်ယူပြီး စိုက်ပျိုးကြရပါသည်။ မိုးရာသီမိုးများမှသာ ရေကိုလုံလောက်စွာရရှိကြပါသည်။ ရေသွင်းစိုက်ပျိုးနိုင်သော လယ်များ၊မိုးရေခံလယ် များရှိပါသည်။မိုးရာသီမှသာရေရရှိ စပါးကို တစ်ရာသီထဲသာ စိုက်ပျိုးနိုင်ကြပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာ<u>တစ်ခု ကို သာ</u> ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာ<u>တစ်ခုကို သာ</u> ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
စပါး	၁၈၉.၃	တင်း	၄၀	၉၀	၅၀	ဝါဆို	ဝါခေါင်	မြင့်□ လတ်□ ✓နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာ၏အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးဖြစ်ပါသည်။စပါးမှလွဲ၍ အခြားသီးနှံ များကိုစိုက်ပျိုးရာတွင် ကျွမ်းကျင်မှုအားနည်းသောကြောင့် အရှုံးများတွေ့ကြရပါသည်။ စိုက်ပျိုးရေး အသိပညာမှာ မိရိုးဖလာအသိပညာသာရှိ၍ တီထွင်ကြံဆမှု အားနည်းပါသည်။စပါးစိုက်ပျိုးဧက စုစုပေါင်း (၁၈၉.၃ဧက) ရှိပါသည်။

စပါးတစ်ကေလျှင်အနည်းဆုံး တင်း (၄၀)မှ အများဆုံးတင်း (၉၀)အထိထွက်ပါသည်။ ပျမ်းမျှ အားဖြင့် တင်း(၅၀)လောက်ထွက်ပါသည်။(၃)လမှ (၅)လအထိ စိုက်ပျိုးကြရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၁၀			၂၈
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၁			၃၆
ရေစုပ်စက်	၆			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာသည် လယ်ယာလုပ်ကိုင်ရာတွင် ကျွဲ၊ နွားများဖြင့် အနည်းငယ်သာလုပ်ကိုင်ကြပါသည်။ လက်တွန်းထွန်စက်များဖြင့် ကိုယ်ပိုင်သော် လည်းကောင်း အငှားသော်လည်းကောင်း လုပ်ကိုင်စားသောက်ကြပါသည်။ လက်တွန်း ထွန်စက်ကိုယ်ပိုင် ပိုင်ဆိုင်သူ (၁၀)ဦး၊ ငှားရမ်းလုပ်ကိုင်သူ(၂၈)ဦး၊ စပါးခြွေလှေ့စက် ကိုယ်ပိုင်ပိုင်ဆိုင်သူ (၁)ဦး၊ငှားရမ်းလုပ်ကိုင်သူ (၃၆)ဦးနှင့် ရေစုတ်စက်ကိုယ်ပိုင် ပိုင်ဆိုင်သူ (၆)ဦး ရှိပါသည်။ ရွာထဲတွင် စက်ရှိသူများထံမှ အခကြေးငွေနှင့် ငှားရမ်းကြရပါသည်။စိုက်ရာတွင် တစ်ချို့ကိုယ်ပိုင်နွားများနှင့် ထွန်သော်လည်း တစ်ချို့တွင် အခြားရွာမှ ထွန်၊ထယ်စက်ကြီးများကို အချိန်ပိုင်းနှင့် ငှားရမ်းကြသည်။ ကျွန်တော်တို့ရွာတွင် စပါးရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် တစ်ခြားခေတ်မီသည့် စက်ကိရိယာများကို ငွေကြေး အင်အား မတတ်နိုင်သဖြင့် ရွာသူရွာသားတိုင်း မဝယ်ယူနိုင်ပါ။ အရစ်ကျစနစ်ရှိသော်လည်း လူနည်းစုသာဝယ်နိုင်ကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☐✓
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐✓ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☐✓
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☐ မဖြေဆိုပါ ☐✓
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ ✓ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည် ☐✓ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ ✓ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ ✓ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐✓ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာ၏ သဘာဝရေမြေအနေအထားမှာ အသင့်အတင့်ရှိပါသည်။လယ်ယာမြေ အသုံးချနိုင်မှုနှင့် စိုက်ပျိုးရေးအရင်းအမြစ်မှာ အသင့်အတင့် သာရှိသည်။ချေးငွေနှင့်ငွေကြေး ဝန်ဆောင်မှုလည်းအလွယ်တကူရနိုင်ပါသည်။ သီးနှံမျိုးကောင်းမျိုးသန့်နှင့်သဘာဝမြေဆွေး၊အော်ဂဲနစ်မြေဩဇာများရရှိနိုင်မှု နည်းပါးပါသည်။ ပိုးသတ်ဆေးများလည်း ဝယ်ယူနိုင်ပါသည်။ ကျွန်တော် တို့ရွာသည် လုပ်သားရရှိနိုင်မှု နည်းပါးပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ ✓ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
	လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐✓
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☐✓ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐✓ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐✓
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐✓
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐✓
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐✓
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐✓
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐✓
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐✓ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာတွင် နှစ်စဉ်နှစ်တိုင်း မိုးဦးနောက်ကျခြင်း၊ မိုးလယ်ခေါင်ခြင်း၊ မိုးနှောင်းတွင် စပါးရိတ်သိမ်းချိန် မိုးများခြင်းတို့ ခံစားရပါသည်။ မိုးခေါင်လျှင်ရွာ၏ လယ်ယာမြေများသည် လုံးဝစိုက်ပျိုး၍ မရနိုင်ပါ။ မိုးရွာသည့်အချိန်ကို အပြေးအလွှားသွား၍ ထွန်ယက်ရပါသည်။ ကုန်းမြင့်သော အချို့နေရာများတွင် မိုးရေများ လယ်ပြင်ထဲ၌ မိုးရေကြာကြာမရှိခြင်းကြောင့် စိုက်ပျိုးရေးအခက်အခဲရှိကြပါသည်။ အစိုးရ စိုက်ပျိုးရေးဘဏ်များမှ ချေးငွေများရနိုင်သော်လည်း တောင်သူများလိုအပ်သည့်စိုက်ချိန်တွင် အချိန်မှီချေးငွေမရပါ။ သီးနှံမျိုးစေ့များ ရနိုင်သော်လည်း လိုအပ်သည့်အချိန်များတွင် အချိန်မှီမရနိုင်ခြင်း၊ ငွေအရင်းအနှီးမရှိခြင်းတို့ကြောင့် အခက်အခဲ များကြုံနေရပါသည်။ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒနှင့် စိုက်ပျိုးရေး နည်းပညာများကို ကျွန်တော်တို့ ရွာမှ တောင်သူများအရမ်းကို လိုအပ်နေပါသည်။တောင်သူများမှာ လက်ရှိအချိန်တွင်

ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံအထွက်တိုးဖို့ အခက်အခဲများ ရင်ဆိုင်နေရခြင်း၊ ခါတ်မြေဩဇာနှင့် ခါတုပိုးသတ်ဆေးများသုံးရန်နည်းလမ်းမရှိခြင်း၊ တောင်သူများမှ ရမ်းကုပမာအသုံးပြု လုပ်ကိုင်နေရပါသည်။ ဖျက်ပိုးများကြောင့် အထွက်နှုန်း လျော့ကျခြင်းများ ရင်ဆိုင်နေရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂၄	၇၂
နို့စားနွား		
ကျွဲ	၂	
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၂၂	၅၅
ကြက်	၅	၂၇
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ရွာ၏ မွေးမြူရေးလုပ်ငန်းသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးဖြစ်ပါသည်။ အဓိကမွေးသည့် တိရိစ္ဆာန်များမှာ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ဘဲ တို့ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပျံ့ပျံ့လုပ်ကိုင်ခြင်းသော်လည်း အရင်းအနှီး မရှိခြင်း၊ နည်းပညာအားနည်းခြင်းတို့ကြောင့် မလုပ်ကိုင်နိုင်ကြပါ။ မှန်လွဲကုန်းကျေးရွာတွင်

နွားမွေးမြူသောအိမ်(၂၄)အိမ်နှင့် (၇၂) ကောင်ရှိပါသည်။ကျွဲမွေးသောအိမ် (၂)အိမ် ရှိပြီး ကျွဲကောင်ရေ (၅)ကောင် ရှိပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

